# သက်စမ်းရေ




## ဘုရားသခင်သည် အဘယ့်ကြောင့် အပြစ်နှင့် ဝေဒနာ ခံစားချက်များအား ခွင့်ပြုသနည်း?

**မေးခွန်းနှင့်အဖြေများ**

မေးခွန်း - ဘုရားသခင် ရှိခဲ့သော်၊ ဒီကနေ့ ကမ္ဘာပေါ်တွင် အဘယ်ကြောင့် မြောက်များစွာသော လူတို့သည် ဝေဒနာ ခံစား နေရသနည်း၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူသည်။ ကျွန်ုပ်တို့အားလည်း ချစ်သည်ဟု ဆိုပါက အဘယ့်ကြောင့် ဒီကနေ့ သတင်းများသည် နေ့စဉ်နှင့်အမျှ ပိုမို၍ ဆိုးဝါးလာပါသနည်း၊ အဘယ့်ကြောင့် ထောင်ပေါင်းများစွာသော အပြစ်မဲ့ လူသားများသည်၊ ၄င်းတို့ ချစ်သောသူများနှင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း၊ လူမဆန်သော တိုက်ခိုက်မှုများနှင့် ရက်စက်ကြမ်း ကြုတ်မှုများ အောက်တွင် အသက်ဆုံးရှုံးရသနည်း၊

အဖြေ - ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော ဝေဒနာ ခံစားမှုများကြောင့် ဘုရားသခင်အား အပြစ်တင်ရန် မလိုပါ။ သူဟာ လူသားများ ခံစားနေတာကို ကြည့်ပြီး ပျော်နေသော လူ့ဘီလူးကြီးလည်း မဟုတ်ပါ။ ဤဝေဒနာများ၊ သေခြင်းများ၊ နာကျင်သော နှလုံးသားများကို ဖြစ်ပေါ်စေသော ဘုရားလည်း မဟုတ်ချေ။ အကယ်စင်စစ် လူများ၏ ခံစားရချက်များသည် မိမိတို့၏ မိုက်မဲမှု၊ မိမိကိုယ်ကို မိမိဖျက်ဆီးသည့် သဘောထားနှင့်၊ ၄င်းပျက်စီးရာ လမ်းကြောင်းနောက်သို့ လိုက်ခြင်းတို့ကြောင့်ပင် ဖြစ်ရပါသည်။

စစ်ကို ဥပမာ ကြည့်ကြပါစို့။ စစ်သည် သမိုင်းတစ်လျှောက်တွင် ပြော၍ မပြနိုင်လောက်အောင်ပင် ဝေဒနာ ခံစားမှုများကို ဖြစ်ပေါ်စေပါသည်။ မာတင်လူသာက စစ်အား "လူသားထု တစ်ရပ်လုံးအား အကြီးမားဆုံးသော ကိုယ်စိတ်ပင်ပန်းမှုကို ဖြစ်စေသည်။ ဘာသာတရားများအားလည်း ပျက်စီးစေသည်။ ပြည်ထောင်စုများအား ပြိုကွဲစေသည်။ မိသားစုများအားလည်း ပျက်စီးစေသည်။ အခြားသော ခံစားမှုများသည်ပင်လျှင် စစ်ကြောင့် ခံစားရသည့် ခံစားမှုထက် ပို၍ နှစ်သက်ဖွယ် ကောင်း၏ " ဟု ပြောပါတယ်။ လူတွေ စစ်ဖြစ်နေကြတဲ့အတွက် ဘုရားသခင်ကို အပြစ်တင်ရန် ရှိပါသလား၊ ကျမ်းစာက ဘယ်လို ပြောထားလဲဆိုရင် " သင်တို့တွေ စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ်ကြောင့် ဖြစ်သနည်း၊ သင်တို့ အင်္ဂါများ၌ စစ်ပြိုင်သော ကိလေသာ ကာမစိတ် ကြောင့်ဖြစ်သည် မဟုတ်လော (ယာကုပ်။ ၄း၁) ဟု ပြောထားပါတယ်။ စစ်ကြောင့် ဖြစ်ပေါ်လာရတဲ့ ခံစားမှုများကြောင့် ဘုရားသခင်အား အပြစ်တင်ရန် မလိုချေ။ လူများ၏ တစ်ကိုယ်ကောင်းဆန်ခြင်း၊ လောဘကြီးခြင်း၊ မာနကြီးခြင်းနှင့် ပြိုင်ဆိုင်လိုသည့်စိတ်၊ သူတစ်ပါးအား တစ်ကိုယ်ကောင်းဆန်စွာ အမြတ်အစွန်း ရလိုမှုများကြောင့်၊ ဖျက်ဆီးခြင်း စသည်တို့ကြောင့် ဖြစ်ရပါသည်။

မေးခွန်း - ကောင်းပြီ၊ စစ်ကြောင့် ဖြစ်ရတဲ့ ဒုက္ခဆင်းရဲဟာ လူသားများတွင် တာဝန်ရှိကြောင်း သိရပါသည်။ သို့ရာတွင် ဒီကနေ့ လောကကြီးထဲတွင် ဆင်းရဲမှုများ ပျံ့နှံ့နေသည်မှာ အဘယ်ကြောင့်နည်း၊ ဒီကနေ့ ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော လူများတို့သည် ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒါဏ်ကြောင့်လည်းကောင်း၊ ဆင်းရဲသော နိုင်ငံအချို့တို့တွင် ရောဂါဘယဒါဏ်ကြောင့်လည်းကောင်း၊ သေကြေပျက်စီးနေကြပါသည်။ ၎င်းတို့သည် ၎င်းတို့ဘာသာလုပ်သော ကိစ္စများ မဟုတ်ချေ။

အဖြေ - ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ဒီကိစ္စတွေအတွက် လူသားတွေမှာသာ အများဆုံး တာဝန် ရှိပါတယ်။ ဥပမာ - လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ပေါင်းများစွာက ယခုအခါ သဲကန္တာရ ဖြစ်နေတဲ့ အာဖရိကတိုက်မြောက်ပိုင်းဟာ အင်မတန်မှဘဲ မြေသြဇာကောင်းပြီး သစ်တော ထူထပ်တဲ့ နေရာတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ရာစုနှစ်ပေါင်းများစွာ လူတွေဟာ သစ်ပင်တွေကို ခုတ်ပြီး မြေကြီးကို ရှင်းလင်း ပွတ်ကုပ် ကြပါတယ်။ ရလဒ်အနေနဲ့ အပေါ်ယံ မြေဆီလွှာဟာ ပျက်ဆီးသွားပြီး၊ ဘာမှ မကျန်တော့ဘဲ၊ သဲကန္တာရ ဖြစ်သွားပါတယ်။ အဲဒီမှာ နေထိုင်တဲ့ လူတွေဟာ တောင်ဘက်ကို ရွှေ့ပြီး မြေသြဇာကောင်းတဲ့ မြေကို ရှာဖွေလာရာ၊ သစ်ပင်များကို ဆက်လက် ခုတ်ထွင်လာတဲ့အတွက် သဲကန္တာရကြီးဟာ တောင်ဘက်ကို ကျယ်ပြန့်လာတာ တွေ့ရပါတယ်။

ဒီကနေ့ အာဖရိကတိုက်ရဲ့ မြောက်ဘက်မှာ သဲကန္တာရဟာ သုံးနှစ်ပိုင်း တစ်ပိုင်း သန်း စတုရန်းမိုင် ကျယ်နေပြီး ဖြစ်ပါတယ်။ ဒါဟာ ဘုရားသခင် ဖန်ဆင်းထားတဲ့ သဘာဝ ပတ်ဝန်းကျင်ကို ဖျက်ဆီးတဲ့ လူတွေရဲ့ မိုက်မဲမှု ရလဒ် အများကြီး ပါတာကို တွေ့ရပါတယ်။ ဘရာဇီးနှင့် အင်ဒိုနီးရှားကဲ့သို့ နိုင်ငံများတွင် ငွေအလွယ်တစ်ကူ ရရှိစေရန် သစ်ပင်များအား ခွဲခြားခြင်း မရှိဘဲ၊ ခုတ်တဲ့အတွက် ပတ်ဝန်းကျင် အတွက် ပျက်စီးဆုံးရှုံးခြင်းနှင့် လူဦးရေ ပြောင်းရွှေ့ နေထိုင်မှုများကို ဖြစ်ပေါ်လာစေပါသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင်လည်း ပြည်တွင်းရေး ပဋိပက္ခကြောင့် ငတ်မွတ် ခေါင်းပါးခြင်းနှင့် ဆင်းရဲဒုက္ခများကိုလည်း ဖြစ်ပေါ်စေပါသည်။ ဤကဲ့သို့သော ပြဿနာများသည် လူသားများ၏ တစ်ကိုယ်ကောင်းဆန်မှု၊ ကြိုတင် မမြင်တတ်မှု (သို့မဟုတ်) အနာဂတ်မျိုးဆက်များအတွက် ပြင်ဆင်မှု မရှိခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

မေးခွန်း - သို့ရာတွင် အစားအစာ ခေါင်းပါးခြင်းသည် သဲကန္တာရများ ကျယ်ပြန့်လာခြင်း၊ စစ်ဘေးဒါဏ် (သို့မဟုတ် ) သစ်တောပြုန်းတီးခြင်းများတို့ကြောင့် ဖြစ်ရခြင်းမျိုး သာမက ကမ္ဘာပေါ်တွင်ရှိ၊ သဘာဝ အင်အားစုကို လူအများ ထိန်းချုပ်ခြင်းသည်လည်း ဆင်းရဲခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းများကို ဖြစ်ပေါ်စေပါသည်။ ဤအရာများအတွက် ဘုရားသခင်ကို အပြစ်မတင်သင့်ပေဘူးလား။

အဖြေ - မှန်ပါတယ်။ တစ်ချို့အချက်တွေမှာကတော့ လူတွေရဲ့ ထိန်းချုပ်မှုကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဘက်မှ သန်းပေါင်း များစွာသော လူတွေဟာ အာဟာရခါတ်ချို့တဲ့နေတဲ့အချိန်မှာ၊ ကမ္ဘာရဲ့ အခြားတစ်ဘက်ရှိ နိုင်ငံများမှာ အစားအသောက် တန်ပေါင်းများစွာ ပိုလျှံနေပါတယ်။ ဘုရားသခင်ရဲ့ ကမ္ဘာကြီးဟာ အစားအသောက်တွေကို လုံလောက်ရုံထက်မက ထုတ်ပေးနေပါတယ်။ ဘယ်သူ တစ်ယောက်မျှ ဆာလောင်ဖို့ မလိုပါဘူး။ သို့ရာတွင် အကြောင်းမသင့်စွာဖြင့် ချမ်းသာတဲ့ အနောက်တိုင်း နိုင်ငံအမြောက်အများက သန်းရာပေါင်းများစွာ အကုန်အကျခံပြီး ရိက္ခာများကို သိုလှောင်ထားခြင်း၊ ပိုလျှံနေသော အစားအစာများအား ဖျက်ဆီးပစ်လိုက်ခြင်း၊ ထို့အပြင် လယ်သမားများအား အချို့သော သီးနှံပင်များအား မစိုက်ပျိုးရန် ငွေကြေးပေး၍ တားမြစ်ခြင်း၊ ထို့ပြင် လေ့ကျင့်ခန်းနှင့် ကိုယ်အလေးချိန် လျော့ချသည့် အစီအစဉ်ဖြင့် ဒေါ်လာကုဋေပေါင်း မြောက်များစွာ အကုန်အကျခံ၍ စက်ရုံများ တည်ဆောက်စဉ် - ကမ္ဘာပေါ်တွင် ရှိသော ဆင်းရဲသားများမှာ ငတ်မွတ်နေကြရသည်။

အခြားဥပမာ တစ်ခုဖြစ်သည့် လူသားများကြောင့် ဖြစ်ရသည့် ရှုပ်ထွေးမှု၊ ဝေဒနာ ခံစားရမှုများအား ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ရှိသော မြို့ကြီးများတွင် ဆင်းရဲသားများ၏ ဆင်းရဲခြင်းနှင့် ပစ္စလက္ခတ် နေထိုင်ရမှုများအား ပြယုတ်အဖြစ် တွေ့ရပါသည်။ ဘုံဘေ၊ ရိုင်အိုဒီဂျီနီးရိုး သို့မဟုတ် မနီလာမြို့များတွင် သန်းပေါင်းများစွာသော လူတို့သည် ဝမ်းနည်းဖွယ်ရာ လူမဆန်စွာ ရက်စက်မှုများကို ခံလျက် အသက်ရှင် နေထိုင်နိုင်ဘို့ ရုန်းကန်လျက် ရှိနေပါသည်။

ဘုရားသခင်ဟာ လူတွေ ဒီလိုနေထိုင်စေဘို့ ဘယ်တော့မှ မကြံရွယ်ခဲ့ပါဘူး။ လူအများစုကသာ ဒီကျူးကျော် ရပ်ကွက်များထဲသို့ စုပြုံပြီး သွားရောက်နေထိုင် ကြပါတယ်။ ဒီလိုနေမဲ့အစား၊ သူတို့ဟာ လေကောင်းလေသန့်လည်း ရပါတယ်။ အစားအသောက်လည်း ပေါများတယ်။ လူလည်း နည်းတယ်။ ပြီးတော့ သီးနှံပင်များ စိုက်နိုင်တယ်။ တိရစ္ဆာန်များကိုလည်း မွေးမြူနိုင်တယ်။ ပြီးတော့ ဘုရားသခင် လူတွေအတွက် ဖန်ဆင်းထားတဲ့ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့ တောရွာများမှာ နေထိုင်မယ်ဆိုရင် ပိုပြီးကောင်းပါတယ်။

အချို့ တိုင်းပြည်များတွင် ဆင်းရဲသားများသည် ပြည်တွင်းစစ်၊ အကြမ်းဖက် သမားများ၊ ဒုစရိုက် အဖွဲ့အစည်းများနှင့် တောတွင်းရှိ တောပုန်း ခါးပြများ ရန်မှ လွတ်ရန် မြို့များသို့ သွားရောက် နေထိုင်ကြပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ၎င်းတို့၏ ခံစားမှုများသည် အခြားသူများ၏ လောဘကြောင့်လည်းကောင်း၊ လူသားအချင်းချင်း လူမဆန်စွာ စစ်မက်ပြုခြင်းကြောင့်လည်းကောင်း ဖြစ်ရသည်ကို တွေ့ရပါသည်။

အချို့မှာလည်း မထင်မှတ်ဘဲနှင့် ၄င်းတို့၏ ကိုယ်ပိုင်ခံယူချက်များကြောင့်၊ ၄င်းတို့ဟာ မြို့မှာနေထိုင်တဲ့ အလယ်အလတ် လူတန်းစား လူများနှင့် သူဌေးများ ပိုင်ဆိုင်တဲ့ ဇိမ်ခံ ပစ္စည်းတွေ၊ ကားတွေ၊ တယ်လီဗေးရှင်းတွေကို ကြည့်ပြီး ဒီအရာတွေဟာ သူတို့ကို မြို့မှာ နေရင် အလုပ်နည်းနည်းလုပ်၊ ပိုက်ဆံများများရပြီး ဖြစ်နိုင်ရင် ဇိမ်ကျကျ နေရမယ်လို့ ထင်ကြပါတယ်။

ဒါနဲ့ သူတို့ဟာ မြို့များကို ရွှေ့ပြောင်းလာကြပါတယ်။ မကြာခင်မှာဘဲ သူတို့ရဲ့ သားသမီးတွေဟာလည်း မူးယဇ်ဆေးဝါးနဲ့ ဒုစရိုက်လုပ်ငန်းတွေမှာဘဲ အာဟာရချိတ် ချို့တဲ့ခြင်းနဲ့အတူ ရောဂါဘယတွေကို ခံစားလာရပါတယ်။ သမိုင်းအဆိုအရ မြို့ကြီးတွေဟာ ကိုယ်ခန္ဓာမှ ဉာဏ်အမြော်အမြင် ကြီးစွာနဲ့ ပြုလုပ်ထားတဲ့ ပြည်တွေထွက်နေတဲ့ အနာကြီးဘဲလို့ ပြောထားပါတယ်။ သို့ရာတွင် ဒါဟာ ဘုရားရဲ့ အပြစ်မဟုတ်ပါဘူး။ လူတွေဘာသာ လုပ်တဲ့ လူလုပ် ကျိန်စာဘဲ ဖြစ်ပါတယ်။

မေးခွန်း - ဒါဆိုရင် သင်ဟာ ဆင်းရဲသားတွေဟာ မိမိကံကြမ္မာကို မိမိဖန်တီးတယ်လို့ ဆိုလိုချင်ပါသလား ။

အဖြေ - အချို့ ကိစ္စတွေမှာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကမ္ဘာပေါ်မှာရှိတဲ့ သန်းပေါင်းများစွာသော လူများ ခံစားနေရတဲ့ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပစ္စလက္ခတ် ဖြစ်သော အခြေအနေများသည် ချမ်းသာသော သူများ၏ တစ်ကိုယ်ကောင်း ဆန်မှုကြောင့် ဖြစ်ရသည်မှာ အများဆုံး ဖြစ်ပါသည်။ ချမ်းသာသော သူများတို့သည် မိမိတို့၏ ပစ္စည်းဥစ္စာများနှင့် မြေများအား ၄င်းတို့ခွဲဝေပေးရမည့်အတိုင်း မပေးခြင်း၊ ဆင်းရဲသားများ ကောင်းကောင်းမွန်မွန် နေထိုင်နိုင်စေရန် ၄င်းတို့၏ လုပ်ခများအားလည်း ထိုက်ထိုက်တန်တန် မပေးခြင်းတို့ကြောင့်ဖြစ်သည်။ ၄င်းတို့အနေနှင့် ဤကဲ့သို့ လုပ်ပေးပါက ဘုရားသခင် အလိုရှိသည့်အတိုင်း အားလုံးပင် လုံလုံလောက်လောက် ရှိလာမည်ပင် ဖြစ်ပါသည်။ သူ၏ နှုတ်ကပတ်တော်ထဲတွင် ထပ်ခါတလဲလဲ အကြံဉာဏ် ပေးထားသည် သာမက ချမ်းသာသော သူများကလည်း ဆင်းရဲသော သူများအား ဝေငှဘို့ကိုလည်း အမိန့်ပေးခဲ့ပါသည်။ ( မ။ ၅း၄၂ ၊ တ။ ၁၅း ၇-၈) ဘုရားသခင်သည် ဆင်းရဲသောသူများ ဝေဒနာ ခံစားရသည်ကို မလိုလားပါ။

သို့ရာတွင် ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ချမ်းသာသော သူများသည်လည်း မိမိတို့၏ တစ်ကိုယ်ကောင်းဆန်မှု ရလဒ်ကိုလည်း ခံစားနေရ ကြပါသည်။ ဆင်းရဲသားများ အနေနှင့် အနည်းဆုံး တစ်နေ့မှာ ချမ်းသာလာမည် ဆိုလျှင် ပျော်ရွှင်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက် ရှိပါတယ်။ ချမ်းသာသောသူများအနေနှင့် ဒါတွေအားလုံး ရရှိပြီး ဖြစ်သော်လည်း ရောင့်ရဲမှု မရှိချေ။ ဘုရားသခင်၏ ဝိဉာဉ်သဘောအရ ပျော်ရွှင်ခြင်းဆိုသည်မှာ အခြားသူများအား ပျော်ရွှင်အောင် ပြုလုပ်ခြင်းနှင့် မိမိပိုင်ဆိုင်သော ဥစ္စာပစ္စည်းများအား လိုအပ်လျက်ရှိသော သူများအား ဝေငှပေးခြင်းပင် ဖြစ်ပါသည်။

မေးခွန်း - သို့ရာတွင် ခေတ်မှီတိုးတက်မှုများ၊ နည်းပညာ ရှာဖွေတွေ့ရှိမှုများ နှင့် လူသားတို့၏ တိုးတက်လာသောအသိဉာဏ်များတို့သည် ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာလောကကြီးကို အကျိုးပြုပြီး တိုးတက်လာစေပါသလား ၊

အဖြေ - ဘုရားသခင်ဟာ လူတွေ မိမိနေထိုင်ရာ ကမ္ဘာကြီး အကြောင်းပိုမို သိရှိလာစေရန် ကူညီနေပါတယ်။ ဒါ့ကြောင့် မြောက်များစွာသော ကောင်းပြီး အကျိုးရှိတဲ့ အရာတွေကို ရှာဖွေတွေ့ရှိလာပါတယ်။ သို့ရာတွင် ကံဆိုးစွာဖြင့် လူတွေဟာ ဒီအသ ဉာဏ်တွေကို မှားယွင်းစွာ အသုံးပြုကြတယ်။ စစ်အတွက် ကြောက်မက်ဘွယ်ကောင်းတဲ့ လက်နက်တွေ ပြုလုပ်ကြတယ်။ မီးခိုးတလူလူ ထွက်နေတဲ့ စက်ရုံတွေနဲ့ ဓာတုပစ္စည်းတွေ၊ တရားမဝင်တဲ့ ဆေးဝါး အစရှိသည့်ဖြင့် - ဤကဲ့သို့ သေခြင်းနှင့် ပတ်သက်တဲ့ အရာများ၊ ပျက်စီးစေနိုင်တဲ့ တီထွင်မှုများတို့ကြောင့် ဖေါ်မပြနိုင်တဲ့ နာကျင်မှုတွေ ခံစားမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါဟာ ဘုရားသခင်ရဲ့ အပြစ်လား ? လူတွေ ဒီလိုဖြစ်အောင် သူရည်ရွယ်တာလား ?

အနုမြူကို ဥပမာအနေနှင့် ကြည့်ကြပါစို့။ ၄င်းဟာ အကြီးမားဆုံးသော နည်းပညာ အောင်မြင်မှုကြီး တစ်ရပ်ဖြစ်ပြီး အနာဂတ်ကမ္ဘာမှာ လောင်စာဆီ မလုံလောက်မှုအတွက် ရည်ရွယ်ပြီး ပြုလုပ်ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါကို လူတွေက အဆိုးဘက်မှာ အသုံးပြုလိုက်တဲ့အခါ သမိုင်းမှာ အဆိုးဝါးဆုံးသော တီထွင်မှုကြီး တစ်ရပ်ဖြစ်လာရုံတင်မက - ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာဂြိုဟ်ကြီးနှင့် ၄င်းတွင်ရှိသက်ရှိ သတ္တဝါများ အားလုံးကို အနုမြူ စစ်ပွဲအားဖြင့် ဖျက်ဆီးပစ်ဖို့ လက်နက်ကိုပါ လက်ဝယ်ပိုင်ဆိုင်ထားလာကြပါတယ်။ ၁၉၈၆ ခုနှစ်၊ ချာနိုဘီတွင်ရှိသော အနုမြူ စွမ်းအင် စက်ရုံကြောင့် မတော်တဆ ဖြစ်ခဲ့ရသည် သဘာဝ ဘေးအန္တရာယ်ကိုမူ ဖေါ်ပြရန် မလိုပေ။

မေးခွန်း - ဒီကနေ့ ကမ္ဘာလောကကြီးမှာ ဖြစ်ပျက်နေတဲ့ ဝေဒနာတွေ တွေအားလုံး အတွက် လူသားသည်သာလျှင် တစ်ဦးတည်းတာဝန် ရှိသည်ဟု ဆိုလိုပါသလား ?

အဖြေ - မဟုတ်ပါ။ အများကတော့ စာတန်ရဲ့ ဆိုးသွမ်းတဲ့ လုပ်ရပ် သို့မဟုတ် မာရ်နတ်၊ တန်ခိုးရှိတဲ့ ဝိဉာဉ်များကနေပြီး လူသားတွေ ဝေဒနာခံစားဘို့ ရည်ရွယ်ပြီး လုပ်တာကြောင့်ဘဲ ဖြစ်ပါတယ်။ စာတန်ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ လူတွေဘုရားနဲ့ ဝေးကွာသွားဘို့ - ကိုယ်ရဲ့ မကောင်းမှု လုပ်ရပ်တွေကို ဘုရားအပေါ် အပြစ်ဖို့စေဘို့ဘဲ ဖြစ်ပါတယ်။

မေးခွန်း - ကောင်းပြီ။ ကျွန်ုပ်တို့ရဲ့ ပြဿနာအများစုဟာ လူနဲ့ စာတန် မာရ်နတ်ကြောင့် ဆိုတာ ဝန်ခံပါတယ်။ ဒါပေမဲ့ ဘုရားဟာ ရှိတယ်။ တန်ခိုးနဲ့လည်း ပြည့်စုံတယ်ဆိုရင်၊ ဘာကြောင့် စာတန်ဒီလို ဝေဒနာ ခံစားမှု ဖြစ်စေတာကို မတားဆီးတာလဲ ? ဘာကြောင့် ဘုရားဟာ လူသားတွေက ကမ္ဘာလောကကြီးကို အမှား ကျူးလွန်တာကို ခွင့်ပြုရတာလဲ ?

အဖြေ - ဘုရားသခင်ဟာ မကြာခဏဘဲ - စာတန်ရဲ့ ပျက်စီးစေခြင်းများနဲ့၊ အဖျက်လုပ်ငန်းများကို တားဆီးပါတယ်။ ကျမ်းစာထဲမှာ စစ်ပွဲကြီး တစ်ခုဖြစ်တဲ့ ဝိဉာဉ်ရေး နယ်ပယ်မှာ နတ်ဆိုးတွေနဲ့ ကောင်းကင်တမန်တို့ အကြောင်းကို ပြောထားပါတယ်။ (ဗျာ၊ ၁၂း ၇-၈။ ဧ၊ ၆း ၁၂။ ဒံ၊ ၁၀း၁၃ နှင့် အစရှိသည်များ)၊ အခြားတစ်ဖက်ကလည်း ဘုရားသခင်ဟာ စာတန်ရဲ့ အဖျက်လုပ်ငန်းကိုလည်း တစ်ခါတစ်ရံမှာ ဘုရားကို ပုန်ကန်တဲ့လူတွေ၊ ဘုရားရဲ့ တရားလမ်းထဲကို လိုက်လျှောက်ဖို့ ငြင်းပယ်တဲ့ လူတွေကို စီရင်တဲ့ နေရာမှာ အသုံးပြုတာကို တွေ့ရပါတယ်။

သို့ရာတွင် ဘုရားသခင်ဟာ လူတွေကို ၎င်းတို့၏ မကောင်းသော လုပ်ရပ်များမှ တားဆီးလျှင်သော်လည်းကောင်း၊ မကောင်းမှု ပြုနေတဲ့ လူများအား တားဆီးလျှင်သော်လည်းကောင်း၊ သူဟာ ကျွန်ုပ်တို့ အားလုံးကို တားဆီးရမှာ ဖြစ်ပါတယ်။ အဘယ့်ကြောင့် ဆိုသော် ကျွန်ုပ်တို့ အားလုံးဟာ အပြစ်သားများဖြစ်ခြင်းကြောင့် ဖြစ်၏။ ကျမ်းစာက ဘယ်လို ပြောထားလဲဆိုရင် လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့် ရှေ့တော်၌ အသရေပျက်ကြပြီ (ရောမ။ ၃း၂၃) သူဟာ တစ်ကမ္ဘာလုံးမှာ ရှိတဲ့လူတိုင်းကို မကောင်းမှု ပြုတာကနေပြီး တားမြစ်ရမှာ ဖြစ်ပါတယ်။ ကနဦးကတည်းကပင် ဘုရားသခင်ဟာ အာဒံနဲ့ ဧဝတို့ အသိဉာဏ်ကို ဖြစ်စေတဲ့ သစ်ပင်ရဲ့ အသီးကို စားခြင်းကြောင့် အပြစ်ဖြစ်ရခြင်းမှ အင်အားသုံးပြီး တားမြစ်ရမှာ ဖြစ်ပါတယ်။ (ကမ္ဘာဦး အခန်းကြီး ၃) သူဟာ ကျွန်ုပ်တို့ရဲ့ လွတ်လပ်ခွင့်နဲ့ သူကိုယ်တိုင် ကျွန်ုပ်တို့ တစ်ယောက်စီကို ပေးထားတဲ့ ကိုယ်ပိုင် ရွေးချယ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက် ရမည်။ သို့မှသာ ကျွန်ုပ်တို့ဟာ ကောင်းတာလုပ်ဖို့ သို့မဟုတ် မကောင်းတာ လုပ်ဖို့ကို ရွေးချယ်နိုင်ပေမည်။

မေးခွန်း - သူဟာ ကျွန်ုပ်တို့ အားလုံးကို အကောင်းဖြစ် စေမယ်ဆိုရင် ပိုပြီး မကောင်းပေဘူးလား ?

အဖြေ - ဘုရားသခင်ဟာ စက်ရုပ်ကို အလိုရှိမယ် ဆိုရင်တော့ မှန်ပါတယ်။ သူဟာ လူတိုင်းကောင်းတာ လုပ်ပြီးသူ့ကို ချစ်စေဘို့ လုပ်သင့်ပါတယ်။ သို့ရာတွင် သူဟာ သူ့ရဲ့တန်ဘိုးကို ကန့်သတ်ပြီး ကျွန်ုပ်တို့ကို ဖန်ဆင်းရာမှာ လွတ်လပ်ခွင့်ကို ပေးလိုက်ပါတယ်။ မိဘတွေဟာ သားသမီးတွေ သူတို့ကို မိမိသဘောနဲ့ဘဲ ချစ်စေချင်တယ်။ တိုက်တွန်းလို့ ချစ်ရတာမျိုးကို မလိုချင်ပါဘူး။ အဲဒီလိုမျိုးဘဲ - ကျွန်ုပ်တို့ကို ဒီကမ္ဘာပေါ်မှာ ထားရှိခြင်းဟာ လည်းကောင်း၊ ကောင်း-မကောင်းကို ရွေးချယ်တတ်ဖို့ အလုပ်လုပ်တဲ့ နေရာမှာလည်း ဘုရားသခင်ရဲ့ အလိုတော် သို့မဟုတ် ကိုယ့်ရဲ့ အလိုတော်ကို ရွေးချယ်တတ်ဖို့ဘဲ ဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေတဲ့ ဆင်းရဲဒုက္ခများ ဖြစ်တဲ့ ဝေဒနာခံစားခြင်း၊ စိတ်ဒုက္ခရောက်ခြင်း၊ နာကျင်ခြင်း၊ ကျန်းမာရေး ချို့တဲ့ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ စီးပွားရေး အခက်အခဲများနှင့် အခြားသော ပူဆွေးဝမ်းနည်း မှုများအား တွေ့နေရပါသည်။ အဘယ့်ကြောင့်ဆိုသော် လူအများတို့သည် ဘုရားသခင်ကို ချစ်ပြီးစကား နားထောင်မယ်ဆိုတဲ့ လမ်းကို မရွေးချယ်ဘဲနှင့်၊ သူ့ရဲ့ချစ်ခြင်း မေတ္တာအုပ်စိုးမှုဖြစ်တဲ့ ကျွန်ုပ်တို့အတွက် ကျန်းမာခြင်းနဲ့ ပျော်ရွှင်စေခြင်းလမ်းကို ပုန်ကန်ဖို့ ဆုံးဖြတ်ကြပါတယ်။ များသောအားဖြင့် လူတွေဟာ မိမိအလိုအတိုင်း လုပ်ချင်တဲ့အခါမှာ - ၎င်းတို့ရဲ့ မှားယွင်းသော ရွေးချယ်ခြင်းရဲ့ ရလဒ်ဖြစ်တဲ့ ဝေဒနာခံစားမှုကို ခံစားလာရပါတယ်။ "လူထင်သည့်အတိုင်း မှန်သော လက္ခဏာ ရှိသော် လည်း၊ အဆုံး၌ သေခြင်းသို့ ပို့သောလမ်း တစ်မျိုးရှိ၏ " (သု။ ၁၄း ၁၂)



မေးခွန်း - သို့ရာတွင် ဘုရားသခင်ဟာ ကျွန်ုပ်တို့ကို ဂရုမစိုက်ဘူးလား ? ကျွန်ုပ်တို့ ဝေဒနာ ခံစားရတဲ့အခါများမှာ ဘုရားသခင် မစိုးရိမ်ဘူးလား ?

အဖြေ - သူတစ်ကယ်ဘဲ စိုးရိမ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ မှားယွင်းသော ရွေးချယ်မှုနဲ့ အခြားသူများရဲ့ မှားယွင်းသော ရွေးချယ်မှုတို့ကြောင့် ကျွန်ုပ်တို့ဟာ ခံစားရမယ်ဆိုရင် သူဟာ အင်မတန်မှဘဲ စိတ်ထဲမှာ နာကျင်ပါတယ်။ ကျမ်းစာက ဘယ်လိုပြောထားလဲဆိုရင် "အဘသည် သားတို့ကို သနားစုံမက်သည် နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သော သူတို့ကို သနားစုံမက်တော်မူ၏ " (ဆာ။ ၁၀၃း ၁၃) လို့ဆိုထားပါသည်။ ထို့ပြင် ယေရှုက "ငါတို့ ယဇ်ပုယောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သော သူမဟုတ်။ ငါတို့ခံရသည် နည်းတူ အမျိုးမျိုးသော စုံစမ်းနှောက်ရှက်ခြင်းတို့ကို ခံဘူးသော သူဖြစ်တော်မူ၏။ " (ဟေဗြဲ။ ၄း ၁၅) အဲဒီမို့ ယေရှုကိုယ်တိုင် ဆင်းရဲဒုက္ခ ခံရတဲ့အခါ ဘယ်လို ခံစားရသလဲ ဆိုတာကို သိပါတယ်။ သူဟာ ကျွန်ုပ်တို့ အားလုံးထက် ခံရပါတယ်။ ကမ္ဘာလောကကြီး အပြစ်အတွက် လက်ဝါးကားတိုင်မှာ အသေသတ်ခြင်းကို ခံရပါတယ်။ ဒါပေမဲ့ သတင်းကောင်း တစ်ခုကတော့ မကြာခင်မှာဘဲ နှုတ်ကပတ်တော်မှာပါတဲ့ ကတိတော်အတိုင်း ကိုယ်တော်ကို ချစ်သမျှသော သူတို့အတွက် ဝေဒနာ ခံစားရခြင်းဟာ ပြီးဆုံးသွားမှာ ဖြစ်ပါတယ်။ သူပြန်ကြွလာတဲ့အခါမှာ " သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်ပေးတော်မူမည်။ နောက်တစ်ဖန် သေဘေး မရှိရ။ စိတ်မသာ

ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသော အရာတို့သည် ရွှေ့သွားကြပြီ ”
(ဗျာ။ ၂၁း ၄)

ဒီအတောအတွင်း ကျွန်ုပ်တို့ သတိပြုရန်မှာ ဤကဲ့သို့ ဝေဒနာ ခံစားရခြင်းအားဖြင့် ကျွန်ုပ်တို့အတွက် အကျိုးရှိလာတာကို တွေ့ရပါသည်။ ဥပမာ - ၎င်းခံစားရခြင်းထဲမှ နေ၍ လူတွေအထဲမှာရှိတဲ့ ချိုမြိန်ခြင်းနှင့် ကောင်းခြင်းများကို ထွက်ပေါ်လာစေ နိုင်ပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်း၊ ခါးသီးခြင်း၊ စိတ်မာကြောခြင်း၊ မရှိတဲ့ လမ်းကို ရွေးချယ်သော သူများအတွက် စိတ်ပူပန်သောကရောက်ခြင်း၊ အစေခံရခြင်း၊ ဝမ်းနည်းခြင်းတွေထဲမှ အကောင်းဆုံးဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကြင်နာခြင်းနှင့် ကိုယ်ချင်းစာနာမှုများ ထွက်ပေါ် လာစေသည်။ ကျမ်းစာက ဘယ်လိုဆိုထားသလဲဆိုရင် “ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်း ရှိသကဲ့သို့ ဆင်းရဲခြင်း အမျိုးမျိုးကို ခံရသော သူတို့အား သက်သာစေနိုင်မည်အကြောင်း ဆင်းရဲခြင်း အမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏။ (၂ကော။ ၁း ၄) ထို့ကြောင့် ခရစ်ယာန်များဖြစ်တဲ့ ကျွန်ုပ်တို့ဟာ အခြားသူများအား ၎င်းတို့ခံစားနေရသော ဝေဒနာများမှ သက်သာစေရန်လည်းကောင်း၊ ၎င်းတို့၏ ပြဿနာများအား ကူညီဖြေရှင်းပေးရန် သော်လည်းကောင်း၊ ကျွန်ုပ်တို့ တွေ့ရှိခဲ့တဲ့ အဖြေဖြစ်တဲ့၊ ယေရှုနှင့် သူ၏ ချစ်ခြင်း မေတ္တာအကြောင်းအား တစ်ပါးသူများအား ဝေငှပေးလိုသည့် ဆန္ဒများ ဖြစ်ပေါ်လာပါသည်။

❖

ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဝေဒနာခံရခြင်း၏ အကြောင်းများကို နားလည်ရပါသည်။ ဤတိုတောင်းသော ဆောင်းပါးထဲတွင် ကြိုးစားပြီး အဓိကကျသည့် အချက်များကို ကာမိအောင် ကြိုးစားသော်လည်း အမှန်-စင်စစ်မှာမူ၊ ဤထာဝရနှင့် ပတ်သက်သော မေးခွန်းများ အားလုံးတို့၏ အဖြေများကိုမူ ကောင်းကင်နိုင်ငံသို့ မရောက်မချင်း နားလည်မည် မဟုတ်ချေ။ ထို့ပြင် အချို့အရာများကိုလည်း ဘုရားသခင် မြင်သလို ကျွန်ုပ်တို့ မြင်တဲ့အခါမှ နားလည်မည် ဖြစ်ပါသည်။
(ယောရှ။ ၅၅း ၈-၉)

အင်မတန်မှ ဆီလျော်တဲ့ သာဓက တစ်ခုကတော့ Dr.Handley Moule ဒေါက်တာ ဟင်ဒလီမိုးလ် ပေးတဲ့ သာဓကဘဲ ဖြစ်ပါတယ်။ ကျောက်မီးသွေးမိုင်း တစ်ခုမှာ အင်မတန်မှ ဆိုးဝါးတဲ့ မြေအောက်ပေါက်ကွဲမှု ဖြစ်ပွားပြီးတဲ့နောက် သူရောက်သွားပါတယ်။ တွင်းရဲ့အဝမှ လူတွေအများကြီး စုရုံးနေပြီး အဲဒီလူအုပ်ကြီး ထဲမှာတော့ ဒီမိုင်းထဲမှာ ပိတ်မိတဲ့ မိုင်းလုပ်သားများရဲ့ ချစ်တဲ့မိသားစုတွေလည်း ပါပါတယ်။

သူက “ ဘာလို့ ဘုရားသခင်ဟာ ဒီလောက်ဆိုးတဲ့ အဖြစ်အပျက်ကို ပေးဖြစ်စေရတာလဲ ဆိုတာကို နားလည်းနိုင်ဘို့ အင်မတန် ခက်ခဲပါတယ်။ အိမ်မှာ အမေကျွန်တော့ကို ပေးခဲ့တဲ့ ဟောင်းနွမ်းနေပြီး ဖြစ်တဲ့ စာအုပ်မှတ်တဲ့ အရာလေးတစ်ခု ရှိပါတယ်။ အဲဒါပိုးချည်နဲ့ ယက်ထားပါတယ်။ ကျွန်တော်ဟာ အကြမ်းတစ်ဖက်ကို ကြည့်မိရင်တော့ ရှုတ်ထွေးနေတဲ့ ချည်စတွေကိုဘဲ တွေ့ရပါတယ်။ အဲဒီအခါကျရင် တစ်ခုခုတော့ မှားယွင်းနေသလိုဘဲ ထင်ရပါတယ်။ တစ်ယောက်ယောက်ကတော့ ထင်မှာဘဲ၊ ဒီအရာဟာ ကိုယ်ဘာလုပ်မှန်း မသိတဲ့ လူတစ်ယောက်ယောက်က ရှောက်လုပ်ထားတာဘဲလို့ ထင်စရာ ရှိပါတယ်။ ဒါပေမဲ့ အခြားတစ်ဘက်ကို လှန်ပြီး ကြည့်လိုက်တဲ့ အခါမှာ တော့ **"GOD IS LOVE "** “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏” ဆိုတဲ့ စကားလုံးကို ဇာနဲ့လှပစွာ ထိုးထားတာကို တွေ့ရပါတယ်။ ဒီကနေ့ ကျွန်ုပ်တို့ဟာ ဝမ်းနည်းကြေကွဲ စရာတွေနဲ့ ကြုံတွေ့တဲ့ အခါမှာ မကောင်းတဲ့ ဘက်ကိုဘဲ ကြည့်တတ်ကြပါတယ်။ တစ်နေ့ကျရင် အခြားတစ်ဘက်ကို ကြည့်လိုက်မိတဲ့အခါမှာတော့ နားလည်လာမှာ ဖြစ်ပါတယ်။

ဘုရားသခင်ဟာ ကျွန်ုပ်တို့၏ အသက်တာ တစ်ခုစီအတွက် ရည်ရွယ်ချက်နဲ့ အကြံအစည်တော်တွေရှိပါတယ်။ ဒါပေမဲ့ ဒါကို ကျွန်ုပ်တို့ ချက်ခြင်း မသိနိုင်ပါဘူး။ နားမလည်နိုင်ပေမဲ့ ဘုရားသခင်ကိုသာ ယုံကြည်အားကိုးပါ။ နောက်ကို နားလည်လာမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ အကန့်အသတ်ရှိတဲ့ အသိဉာဏ်နှင့် နားလည်မှုမှ အပ၊ ကျွန်ုပ်တို့ သေချာတာ တစ်ခုကတော့ သူ့ရဲ့ ဘယ်တော့မှ မပျက်ကွက်တဲ့ မေတ္တာတရားနဲ့ ဂရုစိုက်မှုများ ဘဲဖြစ်ပါတယ်။

“ အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင် ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ မျက်မှောက်အရာ ဖြစ်စေ၊ နောင်လာ-လတံ့ သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှ စ၍အဘယ် နိမ္မိတ အရာမျှသည် ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျ လျက်ရှိ၏။ ” (ရော။ ၈း ၃၈-၃၉)

# ပြာပုံထဲမှ အလှ

## ခံစားရမှုများတွင် ရည်ရွယ်ချက် ရှိပါသလား ?

ချိုမြိန်သော အရသာပေါ်ထွက် လာစေရန် အချို့သော ခံစားမှုများ ရှိရန်လိုအပ်ပါသည်။ လှပသော မီးတောက်၊ မီးလျှံ ဖြစ်စေရန် ပြာဆိုတာ ရှိရပါတယ်။ တစ်စုံတစ်ခုဟာ ပြာဖြစ်သွားရပါတယ်။ ကောင်းကြီး မင်္ဂလာဟာ ဝေဒနာကြောင့် ဖြစ်ပေါ်လာပါတယ်။ အလှအတွက် ပြာပုံဆိုတာ ရှိပါတယ်။ ဒါကို (ဟေဗြဲ ။ ၁၂ း ၁၁) မှာ ဘယ်လို ဖော်ပြထားသလဲ ဆိုရင် " ဆုံးမခြင်းသည် ခံရစဉ်အခါ ဝမ်းမြောက်စရာ မထင်၊ ဝမ်းနည်းစရာ ထင်တတ်၏။ သို့သော်လည်း ဆုံးမခြင်းကို ခံရသော သူသည် နောက်မှ ငြိမ်သက်ခြင်းနှင့် စပ်ဆိုင်သော ဖြောင့်မတ်ခြင်းအကျိုးကို ခံရကြ၏။

အင်မတန်မှ ကြီးမားတဲ့ လက်ကြီးဟာ ပျားလဘို့ကို ယူပြီး ညှစ်လိုက်တဲ့ အခါမှာ ပျားရည်ထွက်လာသကဲ့သို့ပင် ဖြစ်သည်။ ကျမ်း စာထဲမှာပါတဲ့အတိုင်း မောရှေဟာ ကျောက်ဆောင် ကို ရိုက်ပါတယ်။ ကျောက်ဆောင်ဟာ နာပါတယ်။ ဒါပေမဲ့ ရေတွေ ထွက်လာပါတယ်။ (ထွ။ ၁၇း ၁-၇) ကျောက်စိုင်၊ ကျောက်ခဲလို မာကျောနေတဲ့ နှလုံးသားတွေကို ချေဖျက်ရပါမယ်။ သို့မှသာ ရေတွေဟာ လူတွေကို လန်းဆန်းစေဘို့ ထွက်လာနိုင်မှာ ဖြစ်ပါတယ်။ ပန်းပွင့်လေးဟာ ဖိနှိပ်ခြင်း ချေမွခြင်းကို ခံရပါတယ်။ သို့ရာတွင် အဲဒီကနေ ရေမွှေး ထွက်လာပါတယ်။ ဒါမှမဟုတ် လှပတဲ့ သီချင်းသံလေးဟာ ငှက်ကလေးရဲ့ အာခေါင်ကနေ လာပါတယ်။ သူ့ကို ကြည့်ရတာ နာကျင်နေ သလိုဘဲ၊ ဒါပေမဲ့ သီချင်းတစ်ပုဒ် အနေနဲ့ ထွက်လာပါတယ်။ ငှက်ကလေးရဲ့ သီချင်းသံဟာ ဝမ်းနည်းစရာ ကောင်းပေမဲ့လည်း အင်မတန်မှ ချိုသာပါတယ်။ ငြီးညူခြင်း မရှိဘဲ၊ ဘုရားသခင်ကိုသာ ချီးမွမ်း ကျေးဇူးတင်တဲ့ ဝမ်းနည်းကြေကွဲစရာ၊ ချိုသာတဲ့ သီချင်းလေး ဖြစ်ပါတယ်။ နာမည်ကျော် အင်္ဂလိပ် ကဗျာဆရာကြီး Percy Shelley ပါစီရှဲလီ တစ်ခါက ပြောခဲ့ပါတယ်။ " ကျွန်ုပ်တို့ရဲ့ အချိုမြိန်ဆုံး သီချင်းတွေဟာ ဝမ်းနည်းစရာ အကောင်းဆုံး အတွေးတွေကို ပြောင်းပစ်တဲ့ သီချင်းတွေဘဲ ဖြစ်ပါတယ် "

ကျွန်ုပ်တို့ဟာ အလင်းရောင်ရဲ့ တန်ဘိုးကို အမှောင်ထဲ မရောက်မချင်း တန်ဘိုးမထား တတ်ပါဘူး။ မဖျားမနာမချင်း၊ ကျန်းမာခြင်းရဲ့ တန်ဘိုးကို မသိပါဘူး။ ဝမ်းနည်းခြင်းကို မသိမချင်း၊ ဝမ်းမြောက်ရခြင်း၏ တန်ဘိုးကို မသိတတ်ပါဘူး၊ စာတန်၏ တရားစီရင်ခြင်းကို မခံရမချင်း ဘုရားသခင်ရဲ့ သနားကရုဏာတော်ကို တန်ဘိုးမထားတတ်ပါ။ ဘုရားသခင်ထံမှ ခံစားရရှိသော နှစ်သိမ့်ခြင်းအားဖြင့်သာ ကျွန်ုပ်တို့သည် အခြားသူများကို နှိမ့်သိမ့်နိုင်ပေလိမ့်မည်။ (၂ကော။ ၁း၄)

သမ္မာကျမ်းစာ
အခြေခံများ

# ဝေဒနာခံစားခြင်း ရှုပ်ဖျက်ထားသည့် ကောင်းကြီးမင်္ဂလာလား?

ကျွန်ုပ်တို့ ဝေဒနာ ခံစားရသည့်အခါများတွင် ဘုရားသခင်မှ နှိမ့်သိမ့်ခြင်းနှင့် ခွန်အားကို ပေးတော်မူ၏။

“ ငါသည် သင်တို့ကို မိဘမဲ့ ဖြစ်စေခြင်းငှာ စွန့်ပစ်သည် မဟုတ်၊ သင်တို့ဆီသို့ လာဦးမည်။ ” (ယော။ ၁၄း၁၈)

“ လူ၌ ဖြစ်တတ်သော စုံစမ်းနှောက်ယှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည် ဖြစ်၍ သင်တို့မခံနိုင်သော စုံစမ်းနှောက်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောက်ယှက်ခြင်း အရာနှင့်တစ်ကွ ထွက်မြောက်သော လမ်းကိုလည်း စီရင် ပြုပြင်တော်မူလိမ့်မည်။ ” (၁ကော ။ ၁၀ း ၁၃)

“ ခရစ်တော်ယေရှုအားဖြင့် ငါတို့ကို ထာဝရ ဘုန်းအသရေတော်သို့ ခေါ်တော်မူသော ခပ်သိမ်းသော ကျေးဇူးတော်ကို ပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သင်တို့ကို စုံလင်တည်ကြည် ခိုင်ခံ့ မြဲမြံ စေတော်မူလိမ့်မည်။ ” (၁ ပေ။ ၅ း ၁၀)

ဝေဒနာ ခံစားခြင်းသည် ကျွန်ုပ်တို့အား အရေးကြီးသည့် သင်ခန်းစာများ ပေးနိုင်သည်။

“ ထိုမျှမက ဆင်းရဲခြင်းကို ခံ၍ ဝါကြွား၊ ဝမ်းမြောက်ခြင်း ရှိကြ၏။ အကြောင်းမူကား၊ ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည်လည်း သက်သေထင်ရှားခြင်းကို ပြုစုတတ်၏။ သက်သေထင်ရှားခြင်းသည်လည်း မြော်လင့်ခြင်းကို ပြုစုတတ်၏။ ” (ရောမ။ ၅ း ၃-၄)

“ စစ်တော်မူခြင်းကို ခံပြီးမှ ရွှေကဲ့သို့ ငါပေါ်လိမ့်မည်။ ” (ယောဘ။ ၂၃း၁၀)

ဝေဒနာခံစားခြင်းဖြင့် အခြားသူများအား ဂရုဏာ ■ားစေပါသည်။

“ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင် သက်သာခြင်း ရှိသကဲ့သို့ ဆင်းရဲခြင်း အမျိုးမျိုးကို ခံရသော သူတို့ အား သက်သာစေနိုင်မည် အကြောင်း ဆင်းရဲခြင်း အမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏။” (၂ကော။ ၁ း ၄ )

ဝေဒနာ ခံစားရခြင်း အပေါ် ကျွန်ုပ်တို့သည် အကောင်းမြင် သင့်သည်။

“ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှာ၊ ယေရှုခရစ်၌ ဘုရားသခင် အလိုတော်ရှိ၏။ ” (၁သက်။ ၅ း ၁၈)

“ ဘုရားသခင်ကို ချစ်သောသူ တည်းဟူသော ကြံစည်တော် မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသော အရာတို့သည် တစ်ညီတစ်ညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။ ” (ရော ။ ၈ း ၂၈)

“ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီ ဟု မိန့်တော်မူ၏ ” (ယော။ ၁၆ း ၃၃)

ဘုရားသခင် အတွက် ဝေဒနာ ခံစားရခြင်းကြောင့် ■ာဝရ ■ုလဒ်ကို ရရှိစေသည်။

“ ငါတို့အား ပေါ်ထွန်းလတံ့သော ဘုန်းကို ထောက်သော် ယခုမျက်မှောက် ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏ မပြုထိုက်ဟု ငါသဘော ရှိ၏။” (ရော ။ ၈ း ၁၈)

“ ယခု ခဏခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်း ဒုက္ခသည် အတိုင်းထက် အလွန်ကြီးမြတ် လေးလံသော နိစ္စ ထာဝရ ဘုန်းအသရေကို ငါတို့အဘို့ ဖြစ်စေတတ်၏။ ” (၂ကော။ ၄း၁၇)

“သည်းခံလျှင် ထိုသခင်နှင့် အတူ စိုးစံရလိမ့်မည်။ ” (၂တိ။ ၂ း ၁၂)

မကြာမီပင် ဝေဒနာ ခံစားရခြင်းသည် ပြီး■ုံးသွား ပေမည်။

“ ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည် ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာ ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား ရှေးဖြစ်ဘူးသော အရာတို့သည် ရွေးသွားကြပြီ။ ” (ဗျာ ။ ၂၁ း ၄)

ကောင်းကင်နိုင်ငံသို့ ရောက်သည့်အခါမှသာ အဘယ်ကြောင့် ကျွန်ုပ်တို့သည် လောကတွင် ဒုက္ခဝေဒနာကို ခံရသည့် အကြောင်းကို နားလည်လာ ပေမည်။

“ ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာ နေကြ၏။ ထိုအခါမူကား မျက်မှောက်ထင်ထင် မြင်ရ ကြလိမ့်မည်။ ယခုတွင် ငါ၏ အသိအမြင် မစုံမလင်ဖြစ်၏။ ထိုအခါမူကား သူတစ်ပါးသည် ငါ့ကို သိသကဲ့သို့ ငါသိရလိမ့်မည်။” ( ၁ကော။ ၁၃ း ၁၂)

# ကောင်းကင်ဘုံ နှင့် ၄င်း၏ သာယာမှုများ

ပစ္စုပ္ပန်ဘဝ၌ သင်ရင်ဆိုင် တွေ့ကြုံခံစားရသော ဝမ်းနည်းကြေကွဲခြင်း၊စိတ်အားလျော့ခြင်း၊ စိတ်ပျက်ခြင်းတို့သည် တစ်ခါတစ်ရံ သင်၏စိတ်တွင် အလွန်ပြင်းထန်စွာ လေးလံခံစား နေရပေမည်။ အထူးသဖြင့် အကြောင်းအရာများတို့သည် သင်မျှော်လင့်ထားသည့် အတိုင်း ဖြစ်မလာဘဲ ၊အရေးနိမ့် အရှုံးပေါ်လာခြင်းကြောင့် ကြိုးစားသမျှတို့သည် အဖတ်တင်ပြီး၊ တစ်ကယ်ပင် ထိုက်တန်ပါရဲ့လား၊ (သို့) ကျိုးစားရကြိုး နပ်ပါသလား ဟုဇဝေဇဝါ ဖြစ်ကောင်းဖြစ်ပေမည်။ အဂတိလိုက်စားမှု၊ တစ်ကိုယ်ကောင်းဆန်သည့် အတ္တဟိတ စိတ်ပွါးများမှုတို့ဖြင့် လွှမ်းမိုးနေသော ဤကမ္ဘာလောကကြီးကို ဘုရားသခင်၏ သား၊ သမီးများက ပိုမို ကောင်းမွန်သည့် လူ့အဖွဲ့ အစည်းကြီး တစ်ခုသို့ အမှန်တစ်ကယ် ပြုပြင်ဖွဲ့စည်း နိုင်ပေမည်လား၊ ကျွန်တော်တို့ စိတ်ဓါတ်ခွန်အား လျော့နေချိန်တွင် အရာခပ်သိမ်းအားလုံးတို့သည် အလင်းရောင်ခြည် ကင်းမဲ့နေမည်၊ မဖြစ်နိုင်ဟု ထင်မှတ်လက်ခံ နေပေမည်။ ယခုအချိန်ကား အစွမ်းကုန် အားထုတ် ကြိုးစားနေရသော အချိန်ကာလ ဖြစ်ပေသည်။ ဘုရားသခင်၏ နှုတ်ကပတ် ဩဝါဒတို့နှင့် ထားတော်မူခဲ့သော ကတိတော်များကို ဆက်လက် ယုံကြည်အားကိုးရန် လိုပေသည်။ အဘယ့်ကြောင့်ဆိုသော် ပိုမိုကောင်းမွန်သော လောက ကမ္ဘာသစ်ကြီးသည် မကြာမီ ဆိုက်ရောက်လာတော့မည်။

(ဆာ။ ၃၀ း ၅) တွင် "ဝမ်းနည်း ကြေကွဲမှုသည် ခေတ္တခဏသာ တည်မြဲမည်။ ဝမ်းသာ ပျော်ရွှင်မှုတို့သည် နံနက်အချိန်၌ ရောက်လာလိမ့်မည်။ ဘုန်းထွန်းတောက်သော နံနက်ယံသည်ကား၊ ဤလောက၏ အမှောင်ညကို ကျော်လွန်ပြီးမှရောက်လာမည်" ဟုရေးသားထားပါသည်။ ထို့ကြောင့် ကိုယ်တော်သခင်ကိုသော်လည်းကောင်း၊ သခင်ဘုရား ကတိထားပေးခဲ့သည့် ကောင်းကင်ဘုံကို လည်းကောင်း၊ ဆက်လက်ပြီး အာရုံပြု ရှေ့ရှုခြင်းသည် သင်ယခု ပစ္စုပ္ပန်ကာလ၌ ရင်ဆိုင်တွေ့ကြုံနေရသော ဒုက္ခအခက်အခဲ၊ စုံစမ်းခြင်း၊ နှောင့်ယှက်ခြင်းတို့ကို ရင်ဆိုင်နိုင်အံ့ငှာ အကူအညီ ပေးလိမ့်မည်။ အခက်အခဲ အားလုံးတို့သည် တိုတောင်းသော အချိန်ကာလအတွက်သာ ဖြစ်သည်ကို စဉ်းစား အောက်မေ့ပါ။

စိတ်ပျက်အားလျော့ခြင်း၊ ကြေကွဲဝမ်းနည်းခြင်း၊ အဆိုးဝါးဆုံးသော အတွေ့အကြုံများနှင့် ရင်ဆိုင်ရခြင်းတို့သည် အိပ်မက်ဆိုးကို နံနက်ယံ၌ မေ့ပျောက်သွားသည့်ပမာ ကောင်းကင်သို့ ရောက်ရှိချိန်တွင် ပျောက်ကွယ် ကြပေမည်။ (ရော။ ၈း၁၈) တွင် "ငါတို့၌ ပေါ်ထွန်းလတံ့သော ဘုန်းတန်ခိုးတော်ကို ထောက်ခံသော် သူ့မျက်မှောက် ကာလ၌ ခံစားရသောဆင်းရဲဒုက္ခကိုနိုင်းယှဉ်ပမာဏမပြုထိုက်လှပေ" ဟု ရေးသားထားပါသည်။ (ဗျာ။ ၂၁း၄) တွင်လည်း "ဘုရားသခင်သည် ငါတို့၏ မျက်ရေ ရှိသမျှတို့ကို သုတ်ပေးတော်မူမည်ဟု ရေးသား ထားသဖြင့် တစ်ကယ်ပင် ဝမ်းမြောက် ဝမ်းသာဖွယ် ကောင်းလှပေသည် မဟုတ်လော။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးကြေကွဲခြင်း၊ စိတ်ပျက်ခြင်း၊ ငိုကြွေးခြင်းတို့ကို ပယ်ရှင်း၊ နှိစ်သိမ့် ပေးတော်မူသဖြင့်၊ ကျွန်တော်တို့သည် သေခြင်း၊ နာခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်းတို့ဖြင့် ကင်းလွတ်လိမ့်မည်။ မိုးကောင်းကင်သည် လူသား၏ နောက်ဆုံးသော သုဘုံ ဖြစ်ပေသည်။

သို့သော် လူတို့သည် ကောင်းကင်ဘုံကို အလေးထား အာရုံပြုခြင်း မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ငြိမ်းငွေ့ ပြင်းရိစရာ ကောင်းသော မျက်မှောက်ကာလသည် ပြဿနာ အမျိုးမျိုး၊ ဝမ်းနည်းကြေကွဲမှု အဖုန်ဖုန် တို့ဖြင့် ပြည့်နေသဖြင့်၊ ငရဲပြည်တွင် နေထိုင်နေရသကဲ့သို့ ခံစားနေကြလေသည်။ ထို့အပြင် လူအတော် များများသည် ကောင်းကင်ဘုံသည်ကား၊ အလွန် ဝေးလံသော တိမ်ယံ အထက်တွင် တည်ရှိပြီး တစ်နေကုန် တစ်နေခန်း မည်သည့် အရာမှ မပြုလုပ်ကြဘဲ၊ စောင်းတူရိယာ ကိုသာတီးခတ် နေသောနေရာ ဟုလည်းကောင်း၊၊ အပြစ်ကင်း၊ သန့်ရှင်း မွန်မြတ်သူတို့သာ စံမြန်းသောနေရာဟုလည်းကောင်း ထင်မှတ်နေကြလေသည်။ ထို့ကြောင့် ကောင်းကင်ဘုံကို အာရုံပြု အလေးထားမှု ကင်းမဲ့လာကြပေသည်။ ဘုရားသခင်ကို ကျေးဇူးတင်လော့။ ကောင်းကင်ဘုံသည် ထိုသို့ မဟုတ်ပေ။

သခင်ယေရှု မိန့်မြွတ်ခဲ့သည်မှာ "ငါ့အဘ အိမ်တော်၌ နေထိုင်စရာ အခန်း အမြောက်အမြား ရှိ၏။ ငါသည်သွား၍ သင်တို့နေစရာ အရပ်ကို ပြင်ဆင်အံ့သောငှာ၊ ငါ သွားမည်" ဟု (ယော။ ၁၄း၂-၃) တွင် ရေးသားထား ပါသည်။ သခင်ယေရှုသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကပင်၊ ဤစကားကို မိန့်မြွတ်ခဲ့ပါသည်။ ထို့ကြောင့် အချိန်ကြာမြင့်စွာ သင်သည် စောင့်စား နေရသောကြောင့် သင်သည် ကျွန်တော်တို့ အားလုံး လဲလျောင်းနိုင်စေရန် တိမ်သားထုကိုပြုပြင်နေပြီး၊ တီးခတ်စရာ စောင်းတူရိယာ တို့ကို၊ စက်ရုံမှ ထုတ်လုပ်ပေးနေသောကြောင့် ဟု သင်ထင်မှတ် နေပါသလား၊ ထိုသို့ လုံးဝ မဟုတ်ပါ။ ကောင်းကင်နိုင်ငံသည် အထက်၌ ဖေါ်ပြထားသည့် အတိုင်း ဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆချက်သည် လုံးဝယုတ္တိ မရှိဘဲ၊ ရယ်စရာ ကောင်းပေလိမ့်မည်။ ထို့အပြင် ကျမ်းစာတော်၌ ရေးသားဖေါ်ပြချက်တို့ နှင့်လည်း လုံးဝကိုက်ညီမှု မရှိဘဲ၊ ကွဲလွဲနေပေမည်။ ကောင်းကင်ဘုံသည် အဘယ်ကဲ့သို့သော နေရာမျိုးဖြစ်သည်ကို သင်သိလိုပါလျှင် (ဗျာ။ အခန်းကြီး ၂၁-၂၂) တို့ကို ဖတ်ရှုခြင်းဖြင့် သင်သိနိုင်ပါလိမ့်မည်။

ကောင်းကင်မြို့တော်သည်ကား ကာလအစဉ် အဆက်မှ ကယ်တင်ခြင်း ကျေးဇူးတော်ကို လက်ခံရရှိခဲ့သည့် ခရစ်ယာန်အားလုံး စံမြန်းရာ အိမ်တော် ဖြစ်ပေသည်။ စာဖြင့် တင်စားရေးဖွဲ့ခြင်း မပြုနိုင်လောက်အောင် အံ့ဖွယ် ကောင်းလှသော၊ လှပတင့်တယ်သော၊ ထွန်းတောက်ဆန်းကျယ်သော၊ ကြီးမားလှသော နေရာဖြစ်ပေသည်။ ကောင်းကင်မြို့တော်ကို ရောင်ခြည်လင်းတန်းများ ဖြာထွက်

နေသည့် သလင်းကျောက်ကဲ့သို့ ကြည်လင်သော ရွှေအစစ်ဖြင့် ဆောက်လုပ်ထားပါသည်။ အလျား၊အနံ၊အမြင့်တို့သည် မိုင်ပေါင်း ၁၅၀၀ ခန့်စီ ရှိပေသည်။ မြို့တော်၏ လမ်းမကြီးတို့သည် ရွှေသားဖြင့် ဖေါက်ခင်းထားပြီး မြို့တခါးပေါက်များကို ဝင်းဝင်းတောက်နေသော ပုလဲလုံးများဖြင့် တည်ဆောက်ထားပါသည်။ အသက်စမ်း ရေမြစ်သည် ယဉ်ပါးသော တိရစ္ဆာန်များနှင့် ရယ်မောပျော်ရွှင်စွာ ကစားနေသော ကလေးသူငယ်များ၊ ပြေးလွှား ပျော်ပါးနေသည့် စိမ်းလန်း သာယာ၊ ရွှန်းရွှန်း တောက်နေသော၊ ဥယျာဉ်ကြီးဆီသို့ ငြိမ့်ငြိမ့်သာသာ



တင့်တင့်တယ်တယ် စီးဆင်းနေပါသည်။ ကျွန် တော်တို့ကို ခွဲခွာ နေရသည့် ချစ်မိတ်ဆွေတို့က ကြိုဆို စောင့်မျှော်နေပေမည်။

သေခြင်း၊ နာခြင်း၊ ကြောက်လန့်ခြင်း၊ ငိုကြွေးခြင်း၊ ဖျားနာခြင်း၊ တို့မှ ကင်းလွတ်ပြီး သာယာပျော်ရွှင်လှသော ကမ္ဘာလောကကြီးကို သင့်စိတ်နှင့် မြင်ရောင်မိပါသလား၊ ကောင်းကင်ဘုံ၌ လူသားအားလုံးတို့သည် တစ်ဦးအပေါ် တစ်ဦး မေတ္တာ ပွားများလျှက်၊ စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် တစ်ပေါင်းတစ်စည်း ကူညီပူးပေါင်း ဆောင်ရွက် သွားကြပေလိမ့်မည်။ စိတ်ကူးဖြင့်ပင် မတွေးဆ၊ မယုံမှတ်နိုင် လောက် အောင် အံ့ဖွယ်ကောင်းလှသော နေရာဖြစ်ပေသည်။ (၁ကော။ ၂ း ၉) တွင်၊ "ဘုရားသခင်ကို ချစ်သော သူတို့အဖို့ အလို့ငှာ၊ ဘုရားသခင် ပြင်ဆင်ထားတော်မူသော အရာတို့ကို လူ့မျက်စိဖြင့် မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်၊ မတွေးတောနိုင်" ဟု ရေးသား ထားပါသည်။ ကောင်းကင်ဘုံသည် ယခု ကျွန်တော်တို့ နေထိုင်သော၊ မျက်မှောက် ကမ္ဘာကြီးတွင် ရှိသော အံ့ဖွယ်သော အရာများထက် အဆပေါင်းများစွာ အံ့ဖွယ် ကောင်းလှပေသည်။ လူဘဝ၏ အံ့ဖွယ်ကောင်းသော အရာများဖြင့်သာ ကောင်းကင်ဘုံ၌ ပြည့်ဝနေသည်။ ဒုက္ခဝေဒနာပေါင်း ကင်းဝေးရာ နေရာလည်း ဖြစ်ပေသည်။ ဆူးကင်းမဲ့သည့် နှင်းဆီပန်းများဖြင့် ဝေဆာနေသော ကမ္ဘာကြီးဟုလည်း တင်စားနိုင်ပါသည်။ ဤယခုမျက်မှောက် ကမ္ဘာကြီးတွင် သာယာပျော်ရွှင်မှု၊ အပေါင်းတို့ကို အပြည့်အဝ မခံစားနိုင်ပေ။ သင့်စိတ်၌သာ မြင်မက်ခဲ့သမျှသော အရာတို့သည် ကောင်းကင်နိုင်ငံ၌ သင်သည် အမှန်တစ်ကယ် ရရှိခံစား၊ ပျော်ရွှင်နိုင်လိမ့်မည်ဟု ဘုရားသခင် ကတိပြု ခဲ့ပါသည်။

(ဗျာ။ ၂၁း ၅-၇)တွင် "ပလ္လင်ပေါ်တွင် ထိုင်သောသူကလည်း ငါသည် ခပ်သိမ်းသော အရာတို့ကို အသစ်ဖန်ဆင်းသည်" ဟု မိန့်တော်မူ၏။ အောင်မြင်သော သူသည် ဤအရာ အားလုံးတို့ကို အမွေခံရလိမ့်မည်ဟု ရေးသားထားပါသည်။ (၁ယော။ ၅ း ၅) တွင် ယေရှုသခင်သည် ဘုရားသခင်၏ သားတော်ဖြစ်သည်ကို ယုံကြည်သောသူမှ တစ်ပါး အဘယ်သူသည် လောကကို အောင်နိုင်သနည်း ဟု ဖေါ်ပြထားပါသည်။ ကိုယ်တော်ကို ယုံကြည်သော သူအပေါင်းတို့သည် လိုချင်တပ်မက်သော အရာနှင့် စိတ်ဆန္ဒ ရှိသမျှသောအရာတို့ကို အမွေခံကြရလိမ့်မည်။ သင့်စိတ်၏ လိုချင်သမျှတို့ကို ပေးသနားတော်မူခြင်းသည် ထာဝရ ဘုရားသခင်အတွက် ဝမ်းမြောက်စရာ ပင်ဖြစ်သည်။ ဘုရားသခင် မိန့်မြွက်ခဲ့သည်မှာ "ထာဝရ ဘုရား၌ မွေ့လျော်ခြင်း ရှိလော့၊ သို့ပြုလျှင် စိတ်နှလုံး၏ အလိုဆန္ဒအပေါင်း ပြည့်စုံရသော အခွင့်ကို ပေးတော်မူမည် ဟု (ဆာ။ ၃၇ း ၄) တွင် ရေးသား ထားပါသည်။ ကောင်းကင်ဘုံ၌ ခံစားပျော်ရွှင်နေသည့် သာယာမှု၊ စိတ်လှုပ်ရှားမှု၊ ပိုမိုကောင်းမွန်သော အရာများသာ ရှိပေမည်။ သင်တို့ အဖသည် သင်တို့အား နိုင်ငံတော်ပေးခြင်းငှာ အလိုရှိတော်မူ၏။ (လု။ ၁၂ း ၃၂)

ကမ္ဘာသစ် တစ်ခုသို့ ပထမဆုံး အနေဖြင့် သက်စွန့်ဆံဖျား ခရီးသွားလိုစိတ်၊ မိုးနှင့်မြေ စပ်သည့် မိုးကုပ်စက်ဝိုင်းကြီးနှင့်ယှဉ် ပြိုင်လိုသောစိတ်၊ အပြောင်းအလဲ အမျိုးမျိုး၊ ချစ်ခြင်း မေတ္တာတရား သားသမီးများ ပွားများလိုသောစိတ်၊ အစရှိသည့် အရာတို့သည် ကောင်းကင်နိုင်ငံ၌ ပြည့်ဝ စုံလင်ပြီး၊ ဆန္ဒရှိသမျှတို့သည် အမှန်တကယ် ဖြစ်လာကြပေမည်။ သင်သည် သခင်ယေရှုကို ချစ်မြတ်နိုးပြီး၊ ယုံကြည် လက်ခံပါသလား။ ကိုယ်တော်ကို ချစ်မြတ်နိုးပြီး ယုံကြည်လျှင်၊ လူဘဝ၌ သင်ဘဝင်ခိုက်သော အရာများကိုလည်းကောင်း၊ စိတ်လှုပ်ရှားဖွယ်သော အရာခပ်သိမ်းတို့ကိုလည်းကောင်း၊ ကြားမြင်ခဲ့သမျှသော အရာတို့ကို လည်းကောင်း၊ စောင့်မျှော် တန်းတမိသော အရာတို့သည် ဤလောက၌ သင်မပိုင်စိုးနိုင်ခဲ့သော အရာတို့ကို သင်သည် ကောင်းကင်၌ ခံစား ပြည့်စုံ ပိုင်ဆိုင်နိုင် ပေလိမ့်မည်။ သင်သည် ထိုအံ့ဖွယ် ကောင်းလှသော ကောင်းကင် ခရီးလမ်းဆီသို့ ရှေ့ ရှုလျှောက်လှမ်း နေပါသလား၊ (ဗျာ။၂၁း၂၄) တွင် ကယ်တင်ခြင်း ခံရသူတို့သာလျှင် မြို့ထဲသို့ သွားလာခွင့် ရှိကြလိမ့်မည်ဟု ရေးသားထားပါသည်။ သင်သည် ထိုအခွင့်အရေးကို လက်မလွတ် စေပါနှင့်။ အကယ်၍ သင်သည် သခင်ယေရှုကို သင့်စိတ်နှလုံးထဲသို့ ကြွလာရန် ဖိတ်ခေါ်ခြင်း မပြုသေးလျှင် ယခုချက်ချင်း ဖိတ်ခေါ်ပါ။ သို့မှသာ ကိုယ်တော် ကတိပေးခဲ့သည့် ပလ္လင်တော်နှင့် သာယာမှု အပေါင်းတို့သည် သင်၏ကိုယ်ပိုင် ပစ္စည်းများ ဖြစ်လာပေမည်။ ထိုနေ့ရက် ဆိုက်ရောက်သည့် အချိန်ထိ သင့်အား ကိုယ်တော် ပြုစေလိုသမျှသော အလုပ်တို့ကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်ပါ။ သင့်ကို လောက၏ စိတ်ပျက် စရာများက လွှမ်းမိုး စိုးပိုင်ခွင့်မပြုပါနှင့်။

# ချစ်ခြင်းမေတ္တာအကြောင်း ကျွန်ုပ်တို့၏ ကြေညာချက်

ဒီကနေ့ လူသားတိုင်း၏ ပြဿနာများ၊ အတိတ်က သူ့ရဲ့ပြဿနာများ၊ အားလုံးတို့ရဲ့ အဖြေဟာ ချစ်ခြင်းမေတ္တာ၊ ဘုရားသခင်ကို ချစ်ဖို့နဲ့ လူသားအချင်းချင်း ချစ်ဖို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကြီးမြတ်သော မေတ္တာတော်ရဲ့ ဝိညာဉ်ဟာ ကျွန်ုပ်တို့ တစ်ယောက်ကို တစ်ယောက် ချစ်စေခြင်းအားဖြင့် သူ့ရဲ့ ကြီးမားတဲ့ ပညတ်တော်ကို ပြည့်စုံစေပါတယ်။ ဒီကနေ့ ကမ္ဘာလောကကြီးထဲမှာ ဖြစ်ပေါ်နေတဲ့ စိတ်ရှုတ်ထွေးစရာတွေ၊ အထူးရှုတ်ထွေးလျက်ရှိသော အကြောင်းအချက်များပင်လျှင် ဘုရားသခင်၏ အဖြေပင် ဖြစ်ပါတယ်။

ဘုရားသခင်နဲ့ ဘုရားသခင်၏ မေတ္တာတရားကို လူသားများ လျစ်လျူရှုတဲ့အတွက် တစ်ကိုယ်ကောင်းဆန်ခြင်း၊ သူတစ်ပါးအား မေတ္တာမထားနိုင်ခြင်း၊ ဆိုးသွမ်းယုတ်မာခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် အိမ်နီးချင်းများအား မကြင်နာခြင်း စသည်တို့ ဖြစ်ပေါ်လာပါတယ်။ ဤအရာများ၏ အကျိုးဆက်အနေနဲ့ လူလူခြင်း ရက်စက်မှုများကို ယနေ့ ပင်ပန်းနွမ်းနယ်နေတဲ့ ကမ္ဘာတွင် လူလူခြင်း ဖိနှိပ်ခြင်းများ၊ အကြမ်းဖက် အုပ်ချုပ်မှုများ၊ ခေါင်းပုံဖြတ်ခြင်း၊ ချမ်းသာသော သူများ၏ မတရား လုပ်မှုများ၊ လူအများ အာဟာရချိတ် ချို့တဲ့ခြင်းနှင့်ဆာလောင်ခြင်းဒဏ်ကို ခံရခြင်းများ၊ ရောဂါဘယနှင့် ကျန်းမာရေး ချို့တဲ့မှုများ၊ ဆင်းရဲခြင်းနှင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခြင်း၊ အလုပ်ပိခြင်းနှင့် မတရားပြုလုပ်ခံရခြင်း၊ စစ်မက်ဘေးဒဏ်ကြောင့် အမြဲကြောက်ရွံ့နေရခြင်းများ၊ စသည်ဖြင့် တွေ့ရပါသည်။

ဒီမကောင်းမှု အားလုံးဟာ ဘုရားသခင်နှင့် လူသားအချင်းချင်းအပေါ် ချစ်ခြင်းမေတ္တာ မရှိခြင်း၊ ဘုရားသခင်၏ တရားတော်ဖြစ်တဲ့ ချစ်ခြင်းမေတ္တာ၊ သစ္စာစောင့်ထိန်းခြင်း၊ သူနှင့်အတူသော်လည်းကောင်း၊ သူရဲ့ဖန်ဆင်းခြင်း အားလုံးနှင့် သော်လည်းကောင်း၊ ငြိမ်းငြိမ်း ချမ်းချမ်းနှင့် သင့်မြတ်အောင် နေခြင်းဆိုတဲ့ အချက်များ မရှိခြင်းတို့ကြောင့် ဖြစ်သည်။ “ မိမိမြင်ရသော မိမိညီအစ်ကိုကို မချစ်လျှင် မမြင်သေးသော ဘုရားသခင်ကို အဘယ်သို့ ချစ်နိုင်မည်နည်း ” (၁ယော ။ ၄း၂၀)




ထို့ကြောင့် ဘုရားသခင် မိန့်ကြားခဲ့တဲ့ ပထမဆုံးနဲ့ အရေးအကြီးဆုံး ပညတ်တော်ဟာ ချစ်ခြင်းမေတ္တာဘဲ ဖြစ်ပါတယ်။ “ သင်၏ ဘုရားသခင် ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့ --- ထိုမှတစ်ပါး ကိုယ်နှင့် စပ်ဆိုင်သော သူကို ကိုယ်နှင့် အမျှ ချစ်လော့ ဟူသော ဒုတိယ ပညတ်သည် ပထမ ပညတ်နှင့် သဘောတူ၏ ” (မ။ ၂၂း ၃၇-၃၉ ၊ လု။ ၁၀း၂၇)

ကျမ်းတတ်ဆရာ တစ်ယောက်က ယေရှုအား အဘယ်သူသည် အကျွန်ုပ်နှင့် စပ်ဆိုင်သော သူဖြစ်သနည်း ” ဟု မေးပါတယ်။ ကောင်းသော ရှမာရိပုံထဲတွင် ယေရှုက ကြိုးစားပြီး ကျွန်ုပ်တို့အား ကိုယ်နှင့် စပ်ဆိုင်သောသူသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အရောင် မရွေး၊ တိုင်းနိုင်ငံမရွေး၊ အခြေအနေမရွေး၊ ကိုယ့်ရဲ့ အကူအညီကို လိုအပ်နေတဲ့ လူတွေကို လူအများက ပြောတတ်ပါတယ်။ အို - ဝမ်း နည်းပါတယ်။ ဘယ်လောက် သနားစရာကောင်းသလဲ။ ဒါပေမဲ့ ဒီသနားကြင်နာခြင်းကို လက်တွေ့အကောင် အထည်ဖေါ်ဖို့ လိုပါတယ်။ ဒါဟာ သနားခြင်းနဲ့ ကြင်နာခြင်းတို့ရဲ့ ကွာခြားချက်ပါဘဲ။ သနားတာဟာ ဝမ်းနည်းကြောင်း ခံစားရတာဘဲရှိတယ်။ ကြင်နာခြင်းကတော့ ဒီအပေါ်မှ တစ်ခုခု လုပ်ဆောင်ခြင်းဘဲ ဖြစ်ပါတယ်။

ချစ်ခြင်း မေတ္တာကို တစ်ခါ တစ်ရံ လုပ်ဆောင်ချက် မပါဘဲနှင့် မဖေါ်ပြနိုင်ပါဘူး၊ လူတစ်ယောက်ကို ချစ်တယ်ပြောပြီး သူ့အတွက် လိုအပ်တဲ့ အရာများကို ကြိုးစားပြီး မကူညီဘူး၊ အစားအစာ၊ အဝတ်အထည်၊ ခိုလှုံစရာ နေရာ၊ အစရှိသည်ဖြင့် မပေးဘူးဆိုရင်၊ ဒါဟာ စစ်မှန်သော ချစ်ခြင်းမေတ္တာ မဟုတ်ပါဘူး၊ မှန်ပါတယ်။ စစ်မှန်တဲ့ မေတ္တာရဲ့ အလိုအပ်ဆုံး အရာကတော့ ဝိညာဉ်ရေး လိုအပ်ချက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ၄င်းကို လက်တွေ့ အလုပ်မှာ လုပ်ဆောင်ပြဘို့ လိုပါတယ်။ “မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏ ” (ဂလာ။ ၅ း ၆)

ဤအချက်ကြောင့် ဘုရားသခင်ဟာ လူတွေကို ဖန်ဆင်းရာမှာ ပထမဆုံး စတင်ဖို့က ချစ်ဖို့ဘဲ ဖြစ်ပါတယ်။ သူ့ကို ချစ်ပြီး သူနဲ့အမြဲ ပျော်ရွှင်စေရန်နှင့် အခြားသူများအားလည်း ထိုနည်းအတိုင်း ပြုမူစေရန်ပင် ဖြစ်ပါတယ်။ ဘုရားသခင်ဟာ ချစ်ခြင်းမေတ္တာကို ဖန်ဆင်းရာမှာ လူသားတွေကို အချစ်လိုအပ်ဖို့နဲ့အချစ်ခံစေဖို့ဘဲ ဖြစ်ပါတယ်။ သူတစ်ပါးတည်းသာလျှင် လူသား နှလုံးသားတိုင်း၏ အနက်ရှိုင်းဆုံး တောင့်တချက်ဖြစ်သည့် ပြည့်စုံသော ချစ်ခြင်းမေတ္တာနှင့် လုံးဝဥဿုံ နားလည်မှု၊ ကျေနပ်မှုကို ပေးစွမ်းနိုင်၏။

ဤကမ္ဘာပေါ်တွင် ရှိသော မတည်မြဲသည့် အရာများသည် ခန္ဓာကိုယ်ကို နှိမ့်သိမ့် ကျေနပ်မှု ပေးနိုင်သော်လည်း ဘုရားသခင်နှင့် သူ၏ ထာဝရ မေတ္တာသာလျှင် သူ့အတွက် ဖန်ဆင်းထားတဲ့ နှလုံးသား လစ်ဟာချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ လူ့ရဲ့ နှလုံးသား၊ သင့်ရဲ့ ကိုယ်ခန္ဓာထဲမှာ ကိန်းအောင်းနေတဲ့ ထိတွေ့မရတဲ့ နာကျင်နေတဲ့ နှလုံးသားပိုင်ရှင်နဲ့ ပြန်လည်၍ မပေါင်းစည်းမချင်းဟာ ဘယ်တော့မှ ကြေနပ်နှိမ့်သိမ့်မှု အပြည့်အဝကို ရရှိမှာ မဟုတ်ပါဘူး၊

ဘုရားသခင်ကို သူ့ရဲ့သားတော် ယေရှုခရစ်အားဖြင့် တွေ့ရှိနိုင်ပါတယ်။ သူဟာ ချစ်ခြင်းမေတ္တာကြောင့် ကမ္ဘာလောကကြီးထဲကို ဆင်းလာပါတယ်။ ချစ်ခြင်းမေတ္တာထဲမှာ အသက်ရှင်ခဲ့တယ်။ ပြီးနောက် ချစ်ခြင်းမေတ္တာအတွက် အသေခံခဲ့တယ်။ သို့မှသာ ကျွန်ုပ်တို့ဟာ အသက်ရှင်ပြီး ထာဝရ ချစ်နိုင်ဘို့ဘဲ ဖြစ်ပါတယ်။ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏ " (ယော။ ၃း၁၆)

သူသည်သာလျှင် တစ်ခုတည်းသော အမှန်တရား၊ တစ်ခုတည်းသော ငြိမ်းချမ်းရေးနှင့် တစ်ခုတည်းသော လမ်းဖြစ်၏။ ချစ်ခြင်းမေတ္တာဟာ ဘယ်တော့မှ ရှုံးနိမ့်ခြင်း မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်ခြင်းကြောင့် ဖြစ်၏။ သင်သည် သက်စမ်းရေကို ပိုမို အလိုရှိ၍သော်လည်းကောင်း၊ သို့မဟုတ် ကျွန်ုပ်တို့ အနေနှင့် သင့်အား နည်းလမ်း တစ်မျိုးမျိုး ဖြစ်သည့် ကျမ်းစာ လေ့လာခြင်း၊ ဆုတောင်းပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ နားထောင်ပေးစေခြင်း၊ စသည်တို့ကို ပြုလုပ်ပေးစေလိုပါက ကျေးဇူးပြုပြီး ကျွန်ုပ်တို့၏ ပြည်တွင်း အဖွဲ့ခွဲသို့ အောက်ပါလိပ်စာ (သို့မဟုတ်) ဖုံးနံပါတ်အတိုင်း ဆက်သွယ်နိုင်ပါသည်။ ဘုရားသခင် ကောင်းချီးပေးပါစေ။